NSW GOVERNMENT

# What do I need to know if my child gets a formal caution?

## Parent/carer information

# ကျွန်ုပ်၏ ကလေးအား ကျောင်းတက်ခွင့် ဆိုင်းငံ့ရန် တရားဝင် သတိပေးခြင်း ခံရပါက ကျွန်ုပ်သိရှိရမည့် အချက်များ

## မိဘ/အုပ်ထိန်းသူများ၏ အချက်အလက်များ

### စိုးရိမ်စရာ အပြုအမူအတွက် တရားဝင်သတိပေးချက် ဆိုသည်မှာ အဘယ်နည်း။

စိုးရိမ်စရာ အပြုအမူဆိုသည်မှာ တစ်စုံတစ်ဦးအားဖြစ်စေ (သို့မဟုတ်) ၎င်းတို့ကိုယ်တိုင်ကိုဖြစ်စေ (သို့မဟုတ်) အခြားသူတို့အား အန္တရာယ်ဖြစ်စေခဲ့သော (သို့မဟုတ်) အန္တရာယ်ဖြစ်စေနိုင်သော အပြုအမူတစ်ခုဖြစ်သည်။ တရားဝင်သတိပေးချက်ဆိုသည်မှာ ကျောင်းသားအား ၎င်း၏အပြုအမူကြောင့် ၎င်းကိုယ်တိုင်နှင့် အခြားသူများကိုဖြစ်စေ အန္တရာယ်ဖြစ်စေခဲ့သည် (သို့မဟုတ်) အန္တရာယ်ဖြစ်စေနိုင်သည် (သို့မဟုတ်) ပညာ သင်ကြား၊ သင်ယူမှုကို လက်သင့်မခံနိုင်လောက်အောင် ထိခိုက်လာနိုင်ကြောင်း ပြောကြားခြင်း ဖြစ်သည်။ အဆိုပါတရားဝင် သတိပေးချက်သည် ၎င်းတို့၏ အပြုအမူများ ပြင်ဆင်ရန် လိုအပ်ကြောင်း သင်နှင့် သင့်ကလေးအား အသိပေးရန် ရည်ရွယ်သည်။

တရားဝင်သတိပေးချက်သည် သင့်ကလေး၏ စိုးရိမ်စရာ အပြုအမူကို မှတ်တမ်းတင်ထားသည့်စာဖြစ်သည်။ သင့်ကလေးအား ထို စာရရှိချိန်တွင် ကျောင်းတက်ခွင့်မှဆိုင်းငံ့ထားမည်မဟုတ်ပါ။

### ကျွန်ုပ်၏ကလေးသည် တရားဝင်သတိပေးခြင်းခံရပါက မည်သို့ဖြစ်မည်နည်း။

ကျောင်းက စိုးရိမ်စရာ အပြုအမူနှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ သင့်ကလေးအား တရားဝင်အသိပေးချက် ထုတ်ပြန်ထားကြောင်း ရှင်းပြခြင်းတို့ ပြုလုပ်သွားမည် ဖြစ်သည်။

ကျောင်းအုပ်ကြီးက သင့်အား တရားဝင်သတိပေးချက် မိတ္တူတစ်စောင် ပေးမည်ဖြစ်သည်။ တရားဝင်သတိပေးချက်၏ ရည်ရွယ်ချက်မှာ သင့်ကလေးအား ၎င်းတို့၏ အပြုအမူများ၏ အကျိုးသက်ရောက်မှုကို နားလည်သဘောပေါက်ရန်နှင့် ပံ့ပိုးကူညီမှုအစီအစဉ်တစ်ခုအပေါ် သဘောတူရန် အချိန်ပေးခြင်းဖြစ်သည်။ ကျောင်းသည် သင်နှင့် သင့်ကလေးအား အမူအကျင့်ဆိုင်ရာများကို ဆွေးနွေးရန်နှင့် သင့်ကလေးအတွက် လိုအပ်သော ပံ့ပိုးမှုများကို စီစဉ်ရန် (သို့မဟုတ်) ပြန်လည်သုံးသပ်ရန်အတွက် ၎င်းတို့နှင့် တွေ့ဆုံရန် အခွင့်အရေးပေးမည်ဖြစ်သည်။

ကျောင်းနှင့် အစည်းအဝေးမှန်သမျှတွင် ပံ့ပိုးကူညီသူကို ခေါ်လာနိုင်သည်။

စိုးရိမ်စရာအပြုအမူအတွက် တရားဝင်သတိပေးချက်သည် ကျောင်းတက်ရက် ရက်ပေါင်း ၅၀ အထိ ဖြစ်သည်။ ဤအတောအတွင်း သင့်ကလေးသည် ထိုအပြုအမူ/အပြုအမူများကို ထပ်မံ ပြုလုပ်ပါက ကျောင်းတက်ခွင့် ဆိုင်းငံ့ထားနိုင်သည်။

### ကျွန်ုပ်၏ကလေးသည် တရားဝင်သတိပေးခြင်းခံရပါက ကျွန်ုပ်ဘာလုပ်ရမည်နည်း။

ကလေးတိုင်းနီးပါးသည် တစ်ခါတစ်ရံတွင် ကျောင်းစည်းကမ်းများ (သို့မဟုတ်) ကျောင်းသားများအတွက် အကျင့်စာရိတ္တဆိုင်ရာ ဥပဒေများကို မလိုက်နာကြပေ။ထိုကဲ့သို့ မလိုက်နာမှုများ တွေ့ရှိပါက တရားဝင်သတိပေးမည် ဖြစ်သည်။ သင့်ကလေး ကျောင်းတွင် ပြဿနာတက်ပါက လုပ်ဆောင်ရန် အချက်အလက်များကို ရရှိနိုင်မည်ဖြစ်သည်။

အကယ်၍ သင့်ကလေးသည် တရားဝင်သတိပေးချက်ကို လက်ခံရရှိပါက၊ကလေးသည် အထူးဂရုစိုက်ရန်လိုအပ်သော အပြုအမူတစ်ခုရှိကြောင်း ဆိုလိုသည်။ သင့်ကလေး၏ အမူအကျင့်များကို စီမံခန့်ခွဲရန်နှင့် ဖြေရှင်းနည်းများကို အတူတကွ ဖော်ဆောင်ရာတွင် ကျောင်းနှင့် သင်၏ ထိတွေ့ဆက်ဆံမှုသည် အလွန်အရေးကြီးပါသည်။ တရားဝင်သတိပေးချက်အကြောင်း ကျောင်းအုပ်ကြီးနှင့် ဆွေးနွေးပြီး ဖြေရှင်းချက်အချို့ရရှိရန် သင့်ကလေးကို ထောက်ကူပေးသည့်အဖွဲ့နှင့် လုပ်ဆောင်ပါ။

### အဆိုပါအပြုအမူများ ထပ်ဖြစ်ပါက မည်သို့ပြုလုပ်ရမည်နည်း။

မူလတရားဝင်သတိပေးချက် ရသည့်နေ့ မှကျောင်းတက်ရက် ၅၀ ရက်အတွင်း စိုးရိမ်စရာအပြုအမူများ ထပ်မံဖြစ်ပွားပါက၊ ကျောင်းအုပ်ကြီးမှ သင့်ကလေးကို ကျောင်းတက်ခွင့်မှဆိုင်းငံ့ရန် ဆုံးဖြတ်နိုင်သည်။ သင့်ကလေးအား ကျောင်းတက်ခွင့်မှ ဆိုင်းငံ့ရန် ဆုံးဖြတ်ချက်သည် ကျောင်းအုပ်ကြီးမှ သင့်ကလေးနှင့် အခြားကလေးများ၏ တစ်ဦးချင်း လိုအပ်ချက်များ နှင့် အပြုအမူများကို ကြည့်ရှုပြီးမှသာ ဆုံးဖြတ်မည်ဖြစ်သည်။ ကျောင်းသားတစ်ဦးအား ကျောင်းတက်ခွင့်မှဆိုင်းငံ့ခြင်း ဆိုင်ရာ အချက်အလက်များကို ရရှိနိုင်သည်။

### စိုးရိမ်မကင်းဖြစ်နေပါက ဘာလုပ်ရမည်နည်း။

ကျောင်းတွင် သင့်ကလေး၏ သင်ယူမှု၊ အပြုအမူ (သို့မဟုတ်) ကျန်းမာရေးနှင့် ပတ်သက်သည့် စိုးရိမ်မကင်းဖြစ်နေပါက စတင်ရန် အကောင်းဆုံးနေရာမှာ ဆရာ၊ လက်ထောက်ကျောင်းအုပ် (သို့မဟုတ်) ဒုကျောင်းအုပ်နှင့် စကားပြောဆိုခြင်း ဖြစ်သည်။ သင့်ကလေးနှင့် အခြေအနေအရပ်ရပ်ကို သိသောသူများနှင့် စကားပြောခြင်းဖြင့် ပြဿနာအများစုကို ဖြေရှင်းနိုင်သည်။

တခါတရံတွင် တခြားသူတဦးနှင့် စကားပြောရန် လိုအပ်လိမ့်မည် ဖြစ်သည်။ သင့်ကျောင်းသည် သင့်အား ကူညီပေးနိုင်သော သင့်ဒေသန္တရပညာရေးရုံးသို့ ဆက်သွယ်ရန်အချက်အလက်များကို ပေးနိုင်သည်။ သင့်စိုးရိမ်မှုများတွင် ဆေးဘက်ဆိုင်ရာ အကြောင်းပြချက်များရှိနိုင်သည်ဟု သင်ထင်ပါက သင့်ကလေး၏ ဆရာဝန်နှင့် စကားပြောရန်လည်း စဉ်းစားနိုင်သည်။

သင့်ကလေးအတွက် ထောက်ခံအားပေးခြင်းဆိုင်ရာ အချက်အလက်များအပြင် ကျောင်းများနှင့် ဆက်သွယ်ရန်နည်းလမ်းများကို အကျဉ်းချုပ်ဖော်ပြထားသည့် ကျွန်ုပ်တို့၏ ကျောင်းအဖွဲ့အစည်းဆိုင်ရာ ပဋိညာဉ်စာချုပ် ကိုလည်း အောက်ပါဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

### ကျောင်းထံမှ သင်ရရှိနိုင်သည့် အချက်အလက်များ

သင့်အနေဖြင့် ဖြစ်စဉ်နှင့် ဖြစ်ပျက်ရသည့် အကြောင်းအရင်းနှင့်ဆိုင်သော နောက်ထပ် အချက်အလက်များကို ကျောင်းထံမှ တောင်းခံနိုင်သည်။ ကျောင်းက ဆုံးဖြတ်ချက် မှန်သမျှအတွက် အကြောင်းပြချက်များ၊ ဖြစ်ပျက်လာမည့် အရေးယူမှုများနှင့် သင့်တွင် ပြဿနာရှိနေပါက လုပ်ဆောင်ရမည့် အချက်များကို သင့်အား ရှင်းပြမည် ဖြစ်သည်။

### တယ်လီဖုန်း စကားပြန် ဝန်ဆောင်မှု။

သင်သည်ကျောင်းကိုဆက်သွယ်ရန်ဆန္ဒရှိပြီး အင်္ဂလိပ်လို ပြောဆိုရန် အကူအညီလိုအပ်ပါကတယ်လီဖုန်း စကားပြန်ဝန်ဆောင်မှု 131 450 ကိုခေါ်ဆိုပါ၊ သင်ပြောဆိုရန်လိုအပ်သည့်ဘာသာစကားကိုပြောပြပြီး အော်ပရေတာအား ကျောင်းသို့ ဖုန်းဆက်ခိုင်းပါ။ အော်ပရေတာသည် သင့်စကားပြောဆိုမှုကို ကူညီပေးရန် လိုင်းပေါ်တွင် စကားပြန်တစ်ဦးကို ခေါ်ပေးမည်။ ဤဝန်ဆောင်မှုအတွက် သင့်အား အဖိုးအခ ကောက်ခံမည်မဟုတ်ပါ။